# မကြီးမရင့်သေးပေမယ့် အသီးအပွင့်လေးတွေနဲ့ ဝေဆာနေခဲ့သူ

Hay Guy! How are you doing?

Mark အမည်ရှိတဲ့ Native American(Red Indian) တစ်ယောက်က တွေ့တိုင်းနှုတ်ခွန်းဆက်တတ်တဲ့စကား တစ်ခွန်းပါ။ သူ့ပုံကို ခေါင်းကစပြီး ပြောပြရရင် ရှေ့ပိုင်းကဆံပင်ကိုပြောင်အောင်ရိတ်ပြီး နောက်မှာတော့ ကျစ်ဆံမြည်းနဲ့ပါ ။ နောက်ပြီး နှုတ်ခမ်းမွှေးကားကားတစ်စုံကိုလဲ ကံဆိုးလှစွာ ပိုင်ဆိုင်ထားလိုက်ပါသေးတယ် ၊ တစ်ခါတလေမှာ နားကွင်းတစ်ဖက်ကိုနားမှာပန်လို့၊ အများအားဖြင့်တော့ နားကွင်းက ဘယ်ဖက်နားမှာ နှစ်ကွင်းနဲ့ ညာဖက်မှာတစ်ကွင်း တပ်ဆင်ထားလေ့ရှိပါတယ်။ လူကလဲ နဲနဲဝလေတော့ မျက်နှာက ပြဲနေတယ်လို့ပြောနိုင်ပါရဲ့။ အဲဒီအပေါ်မှာမှ အင်္ကျီကိုလဲ ဖိုသီဖတ်သီဝတ်ထားလိုက်ပြန်ပါသေးတယ်။ ဘောင်းဘီကလဲ ဂွက ဒူးအောက်ရောက်နေတဲ့ လူငယ်တွေအများစု ဝတ်နေတဲ့ ဒီဇိုင်းနဲ့။ တစ်ခါတလေ များမှာတော့ ဘောင်းဘီတိုတိုပွပွကို ဝတ်ဆင်လို့၊အင်း ဘယ်တုံးကမှ မတွေ့နိုင်ဘူးလောက်တဲ့ပုံစံမျိုးမို့ နောက်နောက်တုံးက တွေ့ဘူးခဲ့လေတဲ့သူတွေနဲ့နှိုင်းယှဉ်ပြီး စိတ်မျက်စိထဲမှာ ပုံဖော်ကြည့်လို့တော့ ရနိုင်မယ်မဟုတ်ပေဘူးပေ့ါ။ အဆမတန်ကြီးတဲ့ ကျောပိုးအိတ်ကြီးကြီးတစ်လုံးကို အမြဲတမ်းလွယ်ထားခြင်းကလဲ အမြင်ကတ်ဖို့အတွက်အားကူဖြည့်ပေးလိုက်တဲ့ အပိုဆုတွေပါပဲ ။ ခြုံပြီးပြောရရင်တော့ပေ့ါလေ။ဝတ်စားဆင်ယင်မှုမှာ ကိုယ်ပန်မူဟန်အမျိုးမျိုးနဲ့ ကိုးယိုကားယားရှိကြလွန်းလှတဲ့ အမေရိကန်လူငယ်များကြားထဲမှာကိုပဲ သတိမထားပဲမနေနိုင်လောက်အောင်ကို သူ့ပုံစံကထူးခြားနေခဲ့တာပါ။ အစပိုင်းမှာ အတော်ကိုမှ စာရေးသူတို့လိုတောသားမျက်စိနဲ့တော့ မတော်မတည့်လှတဲ့အသွင်အပြင်ပါပဲ ။ ဒီအထဲကမှ အထက်က ပြောခဲ့သလို **Hay Guy! How are you doing?** ဆိုတဲ့ နှုတ်ဆက် စကားမျိုးကို နောက်ပြောင်ပြောင် ပြုံးဖြဲဖြဲမျက်နှာထားနဲ့လဲ (သူနဲ့မရင်းနှီးမီအချိန်ထိ စာရေးသူမြင်တဲ့အမြင်ပါ) ဆိုတတ်သေးလေတော့ ပြောရရင် တော်တော်ရိုင်းစိုင်းတဲ့ သတ္တဝါတစ်ကောင်ရယ်လို့ မဆင်မခြင် စိတ်ထဲကလဲပဲ စွတ်စွဲခဲ့မိပါ သေးတယ်။

ဒီလိုအမြင်ကမောက်ကမဖြစ်လှတဲ့ပုဂ္ဂိုလ်တစ်ယောက်နဲ့ တနေ့မှာ ရင်းနှီးစွာ ခင်မင်လာနိုင်လိမ့်မယ်လို့ လုံးဝကိုတွေး ထင်မထားမိပါဘူး။ တကယ်တော့ **Hay Guy!** ဆိုတဲ့နှုတ်ခွန်းဆက်စကားက မတိမ်းမယိမ်းအရွယ်ရှိတဲ့ အမျိုးသားတွေအချင်းချင်း အထူးသဖြင့် လူငယ်တွေအချင်းချင်း အများအားဖြင့် ခေါ်ဝေါ်သုံးစွဲတတ်တာပါ။ တစ်ချို့ငယ်ရွယ်တဲ့ဆရာ ဆရာမတွေကိုယ်တိုင်ပင်လျှင် စာသင်ခန်းထဲမှာ မကြာခဏသုံးစွဲတတ်တာကို သတိထားမိပါတယ်။ ဒီစကားထဲမှာ ရင်းနှင်းမှုလဲပါသလို ဖော်ရွေမှုလဲပဲမကင်းတတ်ပါဘူး။ ဒါပေမယ့် ဦးဇင်းဘုရား ဘုန်းဘုန်းဘုရား အရှင်ဘုရားစတဲ့ ယဉ်ကျေးပေတယ်ရယ်လို့သတ်မှတ်ထားတဲ့ ဝေါဟာရတွေနဲ့သာ ထိတွေ့ကျွမ်းဝင်မှုရှိခဲ့တာမို့ **Guy!** ဆိုတဲ့စကားက နားမှာခါးခြင်းကြီးကိုခါးနေသလိုဖြစ်နေတာပါ။ ဒီလိုလွယ်လွယ်နဲ့ တစ်ဖက်သားအပေါ်မြင်ခဲ့တဲ့အမြင်ဟာ၊ သတ်မှတ်လိုက်တဲ့ကောက်ချက်ပြုမှုမျိုးဟာ အသွင်သဏ္ဌာန်တို့ရဲ့ နောက်ကွယ်မှာ ပကတိအမှန်တရားတွေ အမတေတရားတွေမြုပ်ကွယ်ပြီး နေတတ်တယ်ဆိုတာကို ရှုတ်တရက် မေ့နေတယ်ဆိုတဲ့သဘောပါ။ တိတိကျကျဆိုရရင် စိတ်ထဲမှာ ခိုင်ခိုင်မြဲမြဲသန္နေတည် စွဲထင်နေတဲ့ **Stereotype** (ရိုးရာပုံစံသတ်မှတ်စွဲ)ကြောင့်ပဲဖြစ်ပါတယ်။

သူ အဲဒီ **Mark** ပေ့ါ၊ တစ်နေ့မှာတော့ အချိန်နည်းနည်းရနိုင်မလားလို့ မေးလာပါတယ်၊ ဒီတော့ အော်ရပါတယ် ၊ ဘာများပြောစရာရှိပါသလဲလို့ ပြန်မေးတော့၊ သူမမှားဘူးဆိုရင် ဗုဒ္ဓဘာသာရဟန်းတစ်ပါး ဖြစ်လိမ့်မယ်လို့ထင်ပါတယ်၊ မှန်ပါသလားလို့ မေးပါတယ်။ အာ သေချာတာပေ့ါ ၊ လုံးဝမလွဲပါဘူး၊ ဒါပေမယ့် မင်းအထင်တစ်ခုတော့လွဲကောင်းလွဲနိုင်ပါတယ်၊ အဲဒါကတော့ မင်းငါ့ကို လားမားရဟန်း တစ်ပါးလို့ထင်တယ် မဟုတ်လားဆိုတော့၊ဟုတ်ပါတယ် အဲဒါမဟုတ်ဘူးလားတဲ့၊ (ဒီအနောက်ကမ္ဘာမှာ ဗုဒ္ဓဘာသာ ဆိုတာကို အများစုက မသိကြတာအမှန်ပါ။ အဲ ဗုဒ္ဓနဲ့ဗုဒ္ဓဘာသာဆိုတာကိုသိကြတဲ့ မများလှတဲ့သူတွေထဲမှာလဲ အများစုက ဒလိုင်းလားမားရဲ့ ထင်ပေါ်မှုကြောင့် ရဟန်းတော်တွေမှန်သမျှကို လားမားတွေလို့ပဲ ထင်ကြတာပါ။ တိဗက်နိုင်ငံဆိုတာ ကမ္ဘာပေါ်မှာသေးသေးလေးဖြစ်တယ်၊တိဗက်ရဟန်းတွေဆိုတာလဲ မြန်မာရဟန်းတော် အရေ တွက်နဲ့နှိုင်းစာလိုက်ရင် တကယ့်ကိုမှ မပြောပလောက်တဲ့ အရေအတွက်ဖြစ်လေမှာပါ။ သို့မေပယ့် ဒီအနောက် ကမ္ဘာကသူတွေ ဗုဒ္ဓဘာသာဆိုတာကို အများဆုံးသိစေတာကတော့ တိဗက်တွေကြောင့်ပါဆိုတာကိုတော့ လက်ခံကြရမှာပါ။ဒီတော့ ရဟန်းတော်တွေချင်းတူတယ်၊ဗုဒ္ဓဘာသာချင်းတူတယ် ဒါပေမယ့် ကျင့်စဉ်နဲ့ပန်းတိုင် အနည်းငယ် ကွာခြားပါကြောင်း

ကို တတ်သမျှမှတ်သမျှ ကြိုးစားပြီးပြောရတာကလဲ မကြာခဏဆိုသလိုပါပဲ။) သူ့ကိုလဲပဲပြောခဲ့ရပါတယ်။ (ရှောင်လင်သိုင်းကားတွေမှာ ပါဝင်လေတဲ့ရှောင်လင်ဘုန်းကြီးတွေနဲ့ ကွဲကွဲပြားပြားမသိကြလေတာကြောင့် သိုင်းတတ် ပါသလားလို့ အမေးခံရတာကလဲ မကြာခဏပါပဲ။)

သူ့အကြောင်းပြန်ဆက်ရရင် သူဘာသာတရားတွေကိုလေ့လာနေကြောင်း၊ဒီအထဲမှာ ဗုဒ္ဓဘာသာလဲ အပါအဝင်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာကိုစိတ်လဲဝင်စားကြောင်း၊ အထူးသဖြင့်ရဟန်းတော်တွေ ရဲ့ဘဝကိုပိုမိုစိတ်ဝင်တစားဖြစ်မိကြောင်း၊သူ့ရဲ့စိတ်ဝင်စားမှုဟာ ခုမင်းကိုတွေ့ရတဲ့အခါမှာ ပိုပြီးလေးနက်လာကြောင်း၊ သူသတိထားပြီး ကြည့်မိကြောင်း၊ မင်းဆီမှာ စိတ်ကိုငြိမ်းချမ်းစေမယ့်နည်းလမ်းတစ်ခုတော့ ရှိမယ်လို့သူယုံကြည်မိကြောင်း ပြောလာပါတယ်၊ ဘာကြောင့် ငါ့ဆီမှာ အဲဒီလို မင်းထင်တဲ့အရာရှိမယ်လို့ယူဆရတာပါလဲလို့ ပြန်မေးခဲ့တော့ အဲဒါကို တိတိကျကျပြန်ပြောပြဖို့တော့ခက်ပါတယ်၊ ဒါပေမယ့် မင်းကိုကြည့်ရတာ ပူပင်မှုကင်းနေသလိုထင်ရတဲ့ အချက်ရယ် ၊ နောက်ပြီး လူတွေအပေါ်မှာညှာတာလိုတဲ့သဘောရယ်ကိုမျက်နှာပေါ်မှာရှာတွေ့ရသလိုထင်ရတဲ့ အချက် စတာတွေ ကြောင့်လို့ ပြောပါတယ်၊ သူက ဒီလိုပြောလာတော့ ကိုယ်က အပေါ်ယံအမြင်နဲ့ သူ့အပေါ်မှာ မညှာမတာ ကောက်ချက်ဆွဲမိထားတာကို သတိရမိပါတယ်။ နောက်ပြီး အဲဒီလို ငြိမ်းငြိမ်းအေးအေးလေးနေနိုင်အောင် ဘာလုပ်ရမလဲဆိုတာ ငါ့ကိုအကြံပြုနိုင်မလားလို့ ထပ်ဆင့်မေးလာပါတယ်။ ကိုယ့်ကိုယ်ကိုယ်ဘာမှ မဟုတ်သေး တာကို ကိုယ်ကိုယ်တိုင်သိထားတာမို့ သူမေးလာတော့ရုတ်တရက် ဖြေဆိုဖို့ခက်သွားပါတယ်၊ ဒါပေမယ့် ကိုယ့်မှာ ဗုဒ္ဓပေးထားတဲ့နည်းကောင်းတွေရှိထားတာမို့ ကိုယ်ကိုယ်၌က ဘာမှဟုတ်သော အဲ မဟုတ်သေးသောဆိုတာ အသာထား၊လိုအပ်လို့ မေးလာ အကူအညီ တောင်းလာသူ တစ်ယောက်ကိုတော့ တတ်နိုင်သမျှကူညီဖို့ တာဝန်ရှိတာမို့ သူ့အနေနဲ့ လွယ်ကူနိုင်မည့် လူတွေအပေါ်မှာ သတ္တဝါတွေအပေါ်မှာမေတ္တာထားဖို့ မေတ္တာပွားဖို့ မေတ္တာပွားနည်းတစ်ခုကိုပြောပြခဲ့ပါတယ်၊ နောက်ပြီး အဲဒီလိုမေတ္တာပွားတာကြောင့် တစ်စုံတစ်ခုထားခြားမှု ရှိမရှိ ဆိုတာ ကိုလဲ ပြန်လည်ပြောပြပါဦးလို့ သေသေချာချာ မှာခဲ့ပါတယ်၊ ဘာကြောင့် ဒီလိုမှာ ခဲ့တာလဲဆိုတာကတော့ ကမ္ဘာပေါ်က ခုလို အမြီးအမောက်မတဲ့လှတဲ့ အဆင်အပြင် ဒီဇိုင်းနဲ့လူငယ်တစ်ယောက်ဆီက မေတ္တာနဲ့စပ်ဆိုင်တဲ့ ဘယ်လိုတုန့်ပြန်မှုမျိုးကို ရနိုင်မလဲဆိုတာ သိချင်မိတာကြောင့်ပါ။ ဒီအချိန်အထိ သူ့ကို မယုံကြည်နိုင်သေးတာလဲပါ တာပေ့ါလေ။

နောက် နှစ်လလောက် အကြာမှာတော့ ဖုန်းနဲ့စကားဆိုလာပါတယ်၊ ကျေးဇူးတင်ဝမ်းမြောက် တယ်ဆိုတဲ့ အကြောင်းရယ်၊ မေတ္တာပွားများခြင်းဆိုတာ ကိုယ်ပွားများလိုက်တဲ့သူတွေအတွက်ဘယ်လောက်အတိုင်းအတာအထိ အကျိုးရှိမရှိသူမသိနိုင်ပေမယ့် သူ့အတွက်တော့ တကယ်ပင်အကျိုးတရားကြီးမားတာကို သိရကြောင်း၊ အမြဲတမ်း ဖိစီးလေးလံနေသလိုဖြစ်နေတဲ့ဝန်ထုပ်တစ်ခုကို ပစ်ချထားနိုင်ခဲ့သလိုဖြစ်ရကြောင်း၊ နေရထိုင်ရတာ အရင်ကနဲ့မတူပဲ ပေ့ါပေ့ါပါးပါးဖြစ်လာကြောင်းပြောပြခဲ့ပါတယ်။ အထူးသဖြင့်တော့ အမြဲတမ်းလို အပေးအယူမမျှဖြစ်နေခဲ့တဲ့ သူ့ရဲ့ ဖခင်ကြီးနဲ့ ခုဆိုလိုက်လိုက်ရောရောနေနိုင်ပြီဖြစ်ကြောင်း၊ နောင်မှာလဲ တဖြေးဖြေးပိုမိုနက်ရှိုင်းတဲ့ ဗုဒ္ဓတရားတော် များကိုဆက်လက်လေ့လာ အားထုတ်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မင်းရဲ့ငါ့အပေါ်မှာ တသီးတသန့်ပေးပို့ မည့်မေတ္တာကိုအမြဲတမ်းမျှော်လင့်နေမည်ဖြစ်ကြောင်း၊ မင်းပေးမဲ့မေတ္တာဟာ တကယ်ကိုငါ့အတွက် အကျိုးရှိမယ် လို့လေးလေးနက်နက်ယုံကြည်မိကြောင်း သူပြောပြခဲ့ပါတယ်။

သူကဒီလိုပြောလာတော့ ဘဝမှာ မထင်မှတ်တဲ့နေရာတွေက မထင်မှတ်တဲ့ အရာတွေကို မထင်မှတ်စွာ ရခွင့်ကြုံတတ်တာကြောင့် ကြည်နူးပီတိဖြစ်ရတာလေးတွေရှိတတ်တယ်ဆိုတာကို ပိုပြီးနား လည်မိရပါတယ်။ သူ့ရဲ့ စကားထဲမှာအထူးတလည်ပြောသွားတဲ့စကားတစ်ခွန်းကိုလဲ သတိထားမိလိုက်ပါသေးတယ်။ အဲဒါက စာရေးသူက မင်းခုပြောပြတဲ့အကျိုးရလဒ်လေးတွေဆိုတာ ဒို့ဗုဒ္ဓရဲ့ အဆုံးအမတွေကို တိတိကျကျလိုက်နာသူတစ်ဦးအတွက်ဆို သူရရှိနိုင်တဲ့အရာတွေရဲ့ တကယ့်နိဒါန်းပိုင်းလေးလို့သာဆိုရမည်ဖြစ်ကြောင်း ပြောပြပါတယ်။ ဒီတော့သူက အို အဲဒါမဖြစ်နိုင်ကြောင်း၊ တကယ်လို့ မင်းပြောသလို ဒါဟာနိဒါန်းဖြစ်မယ်ဆိုရင် နိဂုံးဆိုတာလာရမည်ဖြစ်ကြောင်း၊ ဒါပေမယ့် သူ့ရဲ့ ခုလိုမပြောပလောက်တဲ့ အတွေ့အကြုံလေးအရပင် ဒီတရားတွေရဲ့ အကျိုးရလဒ်ဟာ နိဂုံး ဆိုတာရှိနိုင်လိမ့်မယ်လို့သူမထင်ကြောင်း ပြန်လည်ပြောပြခဲ့ပါတယ်။ သူ့စကားကို သတိထားမိလိုက်တယ်လို့ ပြောရတာကတော့ “လောကထုံးတမ်းအရ ယုံကြည်ချက်အပြည့်အဝနဲ့ တစ်ခုခုကိုလုပ်ကိုင်ကြသူတိုင်း ဦးတည် ချက်အဆုံးပန်းတိုင်ဆိုတာ ထားတတ်ကြစမြဲပါ။ ကိုယ်ဦးတည်ချက်ကိုရောက်ရင် ကိုယ်မျှော်လင့်ထားတဲ့အတိုင်း

အောင်မြင်ခဲ့ရင် ဒီအောင်မြင်မှုဟာ အဲဒီလုပ်ငန်းအတွက်တော့ အဆုံးပန်းတိုင်လို့ပဲ ပြောတတ်ကြတာပါ။ ဒီအဆုံးဟာ ဒီလုပ်ငန်းစဉ်အတွက် သတ်မှတ်ထားတဲ့ အဆုံးပါ။ သို့ပေမယ့် ဒီတစ်ခုဆုံးသွားတာနဲ့ တစ်ခြားတစ်ခုရဲ့ အစကိုအလိုလိုရောက်သွားသလိုမျိုးဖြစ်နေတတ်ပါတယ်။ ဒီတော့ အဲဒီအဆုံးမျိုးဆိုတာ တကယ့်အဆုံးလို့ မဆိုသာတာကြောင့် ကန့်သတ်မှုရှိတဲ့အဆုံးလို့ဆိုရမယ်ဖြစ်ပါတယ်။ တစ်နည်းပြောရရင် နိဂုံးအသီးသီးရှိနေတဲ့ အဆုံးမျိုးလို့ ဆိုရမှာပါ။ ဒီမေတ္တာမှာတော့ နောက်ထပ်နိဒါန်းသစ်ဆိုတာ မရှိနိုင်တာကြောင့် လက်ရှိတရားရလဒ်ရဲ့ နိဂုံးဆိုတာ လာနိုင်တော့မှာ မဟုတ်ကြောင်း၊ ဒီလိုနိဂုံးမရှိတာကြောင့် နိဒါန်းလို့ သုံးနှုံးခြင်းဟာ တိကျမှန်ကန်တဲ့ အသုံးအနှုံးတစ်ခုလို့ပြောလိုရမည်မဟုတ်ကြောင်း ဆိုပါတယ်”။ အေး မင်းစကားက စိတ်ဝင်စားရာအကောင်းသားပဲ ရယ်လို့ စာရေးသူကပြောခဲ့ပါတယ်။ ဒီ အနောက်ကသူတော်တော်များများက တကယ် စိတ်ပါတာမပါတာ အသာထား၊ ခုလိုပဲ တစ်ဖက်သား စိတ်ချမ်းသာအောင်ပြော တတ်တဲ့အလေ့တစ်ခုရှိတာကို သိထားတာမို့ သူလဲ ဒီလိုပဲ ပြောတာ နေမှာပဲရယ်လို့ သဘောထားဖြစ်ခဲ့ပါတယ်။နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနဲ့ တရားတော် အပေါ်သူ့ရဲ့ စိတ်ဝင်စားမှုဟာ လေးနက်ခိုင်မာကြောင်းနားလည်လာရပါတယ်။ လူပုံထူးဆန်းတဲ့ Mark ဆိုတဲ့ ဒီပုဂ္ဂိုလ်နဲ့ ရင်းနှီးခင်မင်ရခဲ့စဉ် အတွင်း သူ့ဆီက ထူးထူးဆန်းဆန်းစကားတွေကိုလဲ မကြာမကြာကြားရလေ့ရှိပါတယ်။

သူလဲ စာရေးသူတို့တက်ရောက်နေတဲ့ ကောလိပ်ကနေပြီးတော့ တက္ကသိုလ်တစ်ခုကို ပြောင်းရွှေ့သွားတာကြောင့် လူချင်းမတွေ့ဖြစ်ခဲ့ကြတော့ပါဘူး၊ မကြာမကြာ အီးမေးကတဆင့်တော့ ဆက်သွယ်ဖြစ်ကြပါတာယ်။ သူ့စာတွေထဲမှာ ဘယ်စာအုပ်ကိုသူဖတ်နေကြောင်း၊ တရားရှုမှတ်ရတာ တိုးတက်မှုရှိလာတယ်လို့ ထင်မြင်မိကြောင်းနဲ့ တရားနဲ့ပတ်သက်တဲ့မရှင်းလင်းတာတွေကိုမေးတတ်ပါတယ်၊ သူ့ရဲ့မေးခွန်းတွေဟာ စာဖတ်ပြီးစာအုပ်ထဲက အရာတွေကိုမရှင်းလို့မေးတာမျိုးမဟုတ်ပဲ ကိုယ်တွေ့လုပ်ငန်းပေါ်မှာ အခြေခံတဲ့မေးခွန်းမျိုးတွေသာ မေးခဲ့တာများပါတယ်။ စာရေးသူအနေနဲ့လဲ ကိုယ်အတွေ့အကြုံများကရော၊ သက်ဆိုင်ရာစာအုပ်များထဲကပါ တတ်နိုင်သလောက်ရှာဖွေပြီး ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။

တစ်နေ့မှာတော့ စာရေးသူရဲ့စာသင်ခန်းဆီကိုဆိုင်းမဆင့်ဗုံမဆင့်ပေါက်ချလာပါတယ်။ ရုတ်တရက်သူ့ကို စာရေးသူက မမှတ်မိပါဘူး၊ သူ့ပုံကလဲ မထင်မှတ်လောက်အောင်ကို ပြောင်းလဲနေခဲ့ပါပြီ၊ အရင်က သူ့ခန္ဓာကိုယ်ပေါ်မှာ အမြဲတမ်း တွေ့ရလေ့ရှိတဲ့ ကမောက်ကမအသွင်တွေကို သူ့ဆီမှာ တစ်ခုမှ ရှာလို့မတွေ့ရတော့ပါဘူး၊ သူအခု သီတင်းပတ်ကုန်မှာ စစ်ထွက်ရမည်ဖြစ်ကြောင်း၊ဒါကြောင့်သူ့မိဘတွေကိုလာရောက်နှုတ်ဆက်တာဖြစ်ကြောင်း၊ ခုဒီအချိန်မှာ စာသင်ခန်း တစ်ခုခုထဲမှာ ရှိနေမယ်ရယ်လို့ထင်တာနဲ့ ရုံးခန်းကတာဝန်ရှိသူတစ်ဦးကို အကူအညီတောင်းပြီး ခုလိုစာသင်ခန်း ကိုလာတွေ့တာဖြစ်ကြောင်း၊ ဒီညနေပိုင်းမှာပဲ ဆန်ဒီယေဂိုပြန်ရမည်ဖြစ်ကြောင်း၊ သူ့တစ်ကိုယ်တည်းဆန္ဒအရ စစ်ဆိုတာကို အလိုမရှိပေမယ့် တိုင်းပြည်ကလိုအပ်လာလို့ တောင်းဆိုလာတာမို့ သူမငြင်းဆိုတဲ့အကြောင်း၊ သို့ပေမယ့် ခုလို လူတစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုင်းနိုင်ငံတစ်ခုနဲ့တစ်ခု တိုက်ကြခိုက်ကြသတ်ရဖြတ်ခြင်းဟာ ပြဿနာတစ်ခုကို လုံးလုံးလျားလျား ပြေလည်အောင်ဖြေရှင်းနိုင်လိမ့်မယ်ရယ်လို့တော့ သူမထင်မြင်မိကြောင်း၊ ဒါပေမယ့် လူအသက်ပေါင်းများစွာကို အစဉ်းစားအဆင်ခြင်မဲ့ သတ်ဖြတ်တဲ့လူရမ်းကားတွေကို အရေးယူဖို့ရန်အတွက် အကောင်းဆုံးအဖြေဆိုတာကို သူ့အနေနဲ့စဉ်းစားနိုင်စွမ်းမရှိကြောင်း၊ ဒီအတွက် အများ တကာ သဘောတူညီနေတဲ့ ဒီတိုက်ခိုက်ခြေမှုန်းရေးကိုပဲ သူလဲပဲလောလောဆယ်မှာ သဘောတူလက်ခံပါကြောင်း၊ ခုလိုစစ်မြေပြင်ကိုသွားခါနီးမှာ မင်းကိုတကူးတကလာတွေ့တာကတော့ ရှေ့တန်းကနေ အန္တရာယ်မရှိပဲ ပြန်ရောက်လာနိုင်ခဲ့မယ်ဆိုရင် သူမြန်မာ ပြည် ဒါမှ မဟုတ် အာရှက ဗုဒ္ဓတရားထွန်းကားတဲ့နိုင်ငံတစ်ခုခုကိုသွားပြီး ဗုဒ္ဓတရားတော်များကို အချိန်ယူလေ့လာဖို့ ရည်ရွယ်ထားကြောင်း၊ ဒီကြားထဲမှာလဲ သူသိလိုတဲ့အချက်အလက်များကို အရင်ကလိုပဲ အီးမေးမှတဆင့် အချိန် မရွေးမေးနိုင်ဖို့အခွင့်ပေးစေလိုကြောင်းကို လူကိုယ်တိုင်လာရောက် ပြောကြားတာဖြစ်ကြောင်း ပြောသွားခဲ့ပါတယ်။ နောက်တစ်ခုက သူ့ရဲ့တပ်က အရင်းနှီးဆုံးသူတွေရဲ့ အီးမေး၊ ဖုန်းနံပါတ်နဲ့၊လိပ်စာတို့ကိုတောင်းတာကြောင့် မင်းရဲ့အီးမေးလိပ်စာကို ထည့်သွင်းပေးခွင့်ပြုဖို့ တက်ဆက်ထည်းခွင့်တောင်းပါကြောင်း လာရောက် ပြောသွားခဲ့ ပါတယ်။

နှုတ်ဆက်ပြီးတော့ ပြန်ခါနီးမှာတော့ သူသွားရမည့်ဒီခရီးနဲ့သူ့အတွက် အသင့်လျော်ဆုံးဖြစ်နိုင်မည့်စကားတစ်ခုကိုပြောပါဦးလို့ ဆိုလာတော့ စာရေးသူမှာ ရုတ်တရက်ဘာစကားဆိုရမယ်ဆိုတာ မသိနိုင်အောင်

ဖြစ်ခဲ့ရပါတယ်။ စစ်မြေပြင်ကိုသွားမည့်သူတစ်ဦးအတွက် အကောင်းဆုံးစကားဟာ ဒီလောက်ရှားလိမ့်မယ်ရယ်လို့ဘယ်တုံးကမှ တွေးထင်မထားခဲ့မိခဲ့ပါဘူး၊ ကံအားလျော်စွာ ဓမ္မပဒ သုခဝဂ်မှာပါဝင်တဲ့ မြတ်ဗုဒ္ဓရဲ့မိန့်ကြားချက်လေးကို သတိရလာတာနဲ့ ပြောဖြစ်ခဲ့ပါတယ်။

**Victory brings hate, because the defeated man is unhappy.**
**He who surrenders victory and defeat, this man finds joy.** (ဆရာတော်ဦးသေဋ္ဌိလ)

<u>(အတိုက်အခိုက်အတုအပြိုင်ဟူသမျှ၌) အနိုင်ရသောသူမှာ ရန်များ၏၊အရှုံးခံရသောသူသည် ဆင်းရဲငြိုငြင်စွာနေရ၏၊ ကိလေသာငြိမ်းပြီးသောသူသည် အောင်ခြင်းရှုံးခြင်းသဘောနှစ်ပါးကိုပယ်ရှား၍ ချမ်းသာစွာနေရ၏။</u> ဓမ္မပဒ (၂၀၁)

တစ်ဆက်တည်းပဲ မင်းအနေနဲ့ ရှေ့က စကားဝါကျကိုတော့ ကောင်းကောင်းနားလည်နိုင်လိမ့်မယ်လို့ငါထင်ကြောင်း၊ နောက်ကစကားဝါကျအတွက်တော့ ခုနေမှာ ငါ့ကိုယ်တိုင်တော့ မှန်းဆနားလည်နိုင်နိုင်ပေမယ့် မင်းကိုနားလည်အောင်ပြောပြနိုင်တဲ့အစွမ်းငါ့မှာမရှိသေးကြောင်း၊ဒီစကားက ပြောပြယုံနဲ့ နားလည်နိုင်ဖို့ခက်ခဲကြောင်း၊မင်းကိုယ်တိုင်အချိန်ပေးပြီး လက်တွေ့ အလုပ်လုပ်ကြည့်မယ်ဆိုရင်တော့ နားလည်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။

တစ်နေ့နေ့မှာတော့ သူကိုယ်တိုင်လက်ခံနားလည်နိုင်တအနေမျိုးဖြစ်လာလိမ့်မယ်လို့လဲ စာရေးသူအနေနဲ့ ယုံကြည်မိပါတယ်။ စာရေးသူယုံကြည်ခဲ့တဲ့ ဒီတနေ့ဆိုတာ Mark လူသားတစ်ယာက်ရဲ့ ဒီပစ္စုပ္ပန်ဘဝမှာ ဘယ်သောအခါမှာမှ ရောက်လာနိုင်တော့မယ် မဟုတ်ဘူးဆိုတာ ဒီအချိန်က သူကိုယ်တိုင် စဉ်းစားမိခဲ့မှာမဟုတ်သလို စာရေးလဲပဲ လုံးဝတွေးထင်မထားမိခဲ့ပါဘူး။ ကြံစည်ထားတာတွေကဖြစ်မလာတတ်၊ မကြံစည်ထားတာတွေကပေမယ့်ဖြစ်လာတတ်တဲ့လောကသဘာဝမှာ ဘဝဆိုတာ ရေရာတာဆိုလို့ဘယ်အရာတွေများရှိနိုင်ပါ့မလဲလေ။

တစ်ရက်မှာတော့ အီးမေးတစ်ခုလက်ခံရရှိခဲ့ပါတယ်၊ အီးမေးထဲမှာ စာတမ်းငယ်တစ်ခုရယ် Mark ရဲ့ရုပ်ပုံရယ်၊ အမေရိကန်အလံရယ် တွေ့ခဲ့ရပါတယ်၊သူ့တပ်ကနေသူ့ကိုယ်စားပေးပို့လိုက်တာပါ။သူချစ်မြတ်နိုးတဲ့သူ့နိုင်ငံနဲ့ သူ့လူမျိုး တွေအတွက် သူ့အသက်ကိုစတေးပေးဆပ်သွားတဲ့ နိုင်ငံတော်ရဲ့သူရဲကောင်းတစ်ယောက်အတွက် တို့တတွေ ဂုဏ်ပြုကြပါစို့တဲ့–

အထက်ကစာပိုဒ်များထဲမှာ စာရေးသူကိုရည်ညွှန်းတဲ့ You ဆိုတဲ့ စကားကို မင်းလို့ပဲဘာသာပြန်ခဲ့တာကို သတိထားမိမှာပါ။ သူနဲ့ရင်းနှီးခင်မင်ပြီးနောက်မှာ You လို့သူပြောတိုင်း အရှင်ဘုရားလို့မြန်မာပြန်ပြီး ကြားပေးပါလို့ ပြောခဲ့တဲ့သူ၊ I ဆိုတဲ့နာမ်စားကို တပည့်တော်လို့ ဘာသာပြန်ပြီးနားလည်ပေးပါလို့ ထူးထူးဆန်းဆန်း ပြောခဲ့တဲ့သူ၊ တကယ်လို့ နောင်ဘဝဆိုတာရှိခဲ့လို့ဘဝသစ်ဖြစ်ရမယ်ဆိုပါက မြန်မာပြည်ကမိခင်တစ်ဦးရဲ့ဝမ်းဗိုက်ထဲမှာ သွားရောက်သန္ဓေတည်လိုပါကြောင်းနဲ့ အဲဒီလိုသန္ဓေတည်မယ်ဆိုရင်တစ်စုံတစ်ဦးက သူ့အတွက်ကြိုကြည်ဖြူဖြူ တံခါးဖွင့်ထားပါ့မလားလို့ ကြံ့ကြံ့ဖန်ဖန်မေးခဲ့တဲ့သူ ၊ အသက်အရွယ်နဲ့အသိဉာဏ် အလွန်မကြီးရင့်သေးပေမယ့် နှလုံးသားမှာလှပတဲ့ဓမ္မ အသီးအပွင့်လေးတွေနဲ့ ဝေဆာလန်းဆန်းစပြုနေပြီရယ်လို့ဆိုနိုင်လောက်တဲ့Mark တစ်ယောက် ကြားနိုင်မယ်ဆိုရင် ပြောပြချင်ပါတယ်။

**“သွားသာသွားပါ Mark ။ ဒို့နိုင်ငံက မိခင်တစ်ဦးဦးဟာ မင်းတစ်ယောက်လာရောက်ခိုလှုံနိုင်ဖို့ရန်အဆင်သင့်ဖြစ်နေမှာပါ။ နောက်ပြီး မင်းလိုခင်မင်ဖွယ်ကောင်းတဲ့၊ ကိုယ့်ကြောင့်လူ့ပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်မှာကို အလွန်စိုးရိမ်တတ်တဲ့၊ စိတ်ဓာတ်ဖြူစင်သူ Mark လိုလူတစ်ဦးအတွက် မင်းသွားရောက်နားခိုမဲ့ မိခင်ရင်ခွင်ဟာ မင်းအတွက် ငြိမ်းချမ်းပျော်ရွှင်မှုကိုဖြစ်စေမယ့် မြင့်မြတ်ဖြူစင်တဲ့ရင်ခွင်တစ်ခုသာ ဖြစ်လေမယ်ဆိုတာ တို့ခိုင်ခိုင်မာမာ လဲ ယုံကြည်မိပါတယ်”။**

အရှင်ဉာဏိကာဘိဝံသ